# ၂၀၁၁-၂၀၁၂ ခုနှစ် မကွေးတိုင်းဒေသကြီးဒေသန္တရစီမံကိန်းဥပဒေ

## ( ၂၀၁၂- ခုနှစ်၊ တိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၁။ )

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်

( ၂၀၁၂ ခုနှစ်၊ မတ်လ ၈ ရက် )

### နိဒါန်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၁ အရ မကွေးတိုင်းဒေသကြီး အစိုးရသည် ပြည်ထောင်စုအစိုးရက ချမှတ်ထားသည့် မူဝါဒများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စု ဥပဒေများနှင့်သော်လည်းကောင်း မဆန့်ကျင်စေဘဲ တိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းများနှင့်စပ်လျဉ်းသည့် စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မကွေးတိုင်း ဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၂။ ဤဥပဒေကို **၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းဥပဒေ**ဟု ခေါ်တွင်စေ ရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **တိုင်းဒေသကြီး ဒေသန္တရစီမံကိန်း**ဆိုသည်မှာ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း တိုင်းဒေသကြီးတစ်ခုလုံး အတိုင်းအတာအရ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ချမှတ် ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်များနှင့် ရည်မှန်းချက်များကိုဆိုသည်။

(ခ) **ဦးတည်ချက်**ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိကမျှော်မှန်းချက်များကိုဆိုသည်။

(ဂ) **စီမံကိန်းလျာထားချက်**ဆိုသည်မှာ စီးပွားရေးကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက် ရမည့် အချက်အလက်များကိုဆိုသည်။

(ဃ) **အစီအစဉ်**ဆိုသည်မှာ ရည်မှန်းချက်များ ပြည့်မီရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက် မည့်လုပ်ငန်း လုပ်ငန်းစဉ်အဆင့်ဆင့်ကိုဆိုသည်။

(င) **အခြေခံနှစ်**ဆိုသည်မှာ နှစ်စဉ် တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့် ခုနှစ်ကိုဆိုသည်။

(စ) **ပုံမှန်စျေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ စျေးနှုန်းကိုဆိုသည်။

(ဆ) **နှစ်အလိုက်စျေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ စျေးနှုန်းကိုဆိုသည်။

(ဇ) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု အမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍများကိုဆိုသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် စီးပွားရေး ကဏ္ဍ (၁၄) ကဏ္ဍ ဖွဲ့စည်းသတ်မှတ်ထားသည်။

(ဈ) **ကဏ္ဍကြီး**ဆိုသည်မှာ စီးပွားရေး ကဏ္ဍ (၁၄) ခု ကို လုပ်ငန်းသဘောသဘာဝ တူညီမှုအပေါ် အုပ်စုဖွဲ့စည်း၍ သတ်မှတ်ခြင်းဖြစ်သည်။ ယင်းတွင် လယ်ယာကဏ္ဍကြီးတွင် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ၊ စက်မှုကဏ္ဍကြီးတွင် စွမ်းအင်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊

လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ၊ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ ပါဝင်ဖွဲ့စည်းထားခြင်းကိုဆိုသည်။

## အခန်း (၂)
## ဦးတည်ချက်

၄။ ဤဥပဒေ၏ ဦးတည်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လက်မှုလယ်ယာမှစက်မှုလယ်ယာသို့ကူးပြောင်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊

(ခ) ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်သည့်အပြင် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ စက်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊

(ဂ) ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး အစရှိသည့် လူမှုစီးပွား တိုးတက်ဖွံ့ဖြိုးရေးနှင့် ကုန်သွယ်မှုကို တိုးမြှင့်ဆောင်ရွက်ရေး၊

(ဃ) ပြည်သူများ အလုပ်လက်မဲ့ နည်းပါးစေရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး။

## အခန်း (၃)
## စီမံကိန်းလျာထားချက်

၅။ မကွေးတိုင်းဒေသကြီး အစိုးရမှချမှတ်သော မူဝါဒများနှင့်အညီ အောက်ပါအတိုင်း စီမံကိန်းလျာထားချက်များ ထားရှိဆောင်ရွက်ပါသည် -

(က) စီးပွားရေး တိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်း အရ ၇.၆ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်နှင့် အခြေခံနှစ်အပေါ် အဆအားဖြင့် ၁.၁ ဆ ဖြစ်ပေါ်အောင် ဆောင်ရွက်ရမည်။

(ခ) လယ်ယာကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၅၁.၀ ရာခိုင်နှုန်းမှ ၄၉.၂ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၂.၂ ရာခိုင်နှုန်းမှ ၂၂.၇ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၆.၈ ရာခိုင်နှုန်းမှ ၂၈.၁ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးပြောင်းလဲဖြစ်ပေါ်စေရမည်။

(ဂ) လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၃.၉ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၁၀.၁ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၁၂.၇ ရာခိုင်နှုန်း အသီးသီး တိုးတက်စေရမည်။

(ဃ) လူနေမှုအဆင့်အတန်း မြင့်မားရေးနှင့် အရင်းအနှီးများ တိုးတက်ဖွံ့ဖြိုးရေးအတွက် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရမည်။

## အခန်း (၄)
## ကဏ္ဍအလိုက် မူဝါဒ၊ ရည်မှန်းချက်နှင့်လုပ်ငန်းစဉ်

၆။ ၂၀၁၁-၂၀၁၂ ခုနှစ်၊ တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ရေး (Seed Production)၊

(၂) လေ့ကျင့်ပညာပေးရန် (Training and Education)၊

(၃) သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရေး (Research and Development)။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လယ်ယာကဏ္ဍဆိုင်ရာကိန်းဂဏန်းများ မှန်ကန်ရေး၊ အထူးသဖြင့် မြေကြီးမြေပုံနှင့် သီးနှံစိုက်ဧရိယာများမှန်ကန်ရေးကို ဆောင်ရွက်ရန်၊

(၂) စပ်မျိုးစပါး၊ စပ်မျိုးနေကြာမျိုးစေ့များ ထုတ်လုပ်သွားရန်၊

(၃) ကြံ၊ ဝါ၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံစသည့် သီးနှံများတွင် မျိုးကောင်းမျိုးသန့်များအသုံးပြုစိုက်ပျိုးရေး၊

(၄) ကြံ၊ ဝါတို့မှ ထွက်ရှိသည့်ထုတ်ကုန်များ လုံလောက်စွာဖြည့်ဆည်းပေးနိုင်ရေး၊

(၅) လက်မှုလယ်ယာမှ စက်မှုလယ်ယာကူးပြောင်းနိုင်ရေးအတွက် အထောက်အကူပြုလုပ်ငန်းများဆောင်ရွက်ခြင်း၊

(၆) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများဆောင်ရွက်သွားရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မြေကြီး၊ မြေပုံနှင့် မြေစာရင်း မှန်ကန်ရေး၊ မြေတိုင်းတာ၍ မြေပုံများ ထုတ်လုပ်အသုံးပြုနိုင်ရေးနှင့် တောင်သူတစ်ဦးချင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် လုပ်ကွက်ဧရိယာများစာရင်းကောက်ယူရေးလုပ်ငန်းများကို အထူးဦးစားပေး ဆောင်ရွက်သွားပါမည်။ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ကွင်းပေါင်း (၇၀) ကွင်း၊ (ဧကထောင်ပေါင်း) ၃၉. ၅ ဧက တိုင်းတာဆောင်ရွက်သွားပါမည်။

(၂) စပ်မျိုးစပါး ထုတ်လုပ်ခြင်းကို တိုးတက်ဆောင်ရွက်သွားပါမည်။ တိုင်းဒေသကြီးအတွင်းနွေစပါးကို ပုလဲသွယ်စပ်မျိုးစပါး (၁၄၅) ဧက စိုက်ပျိုးသွားပါမည်။

(၃) ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ ကျောင်းခွဲတစ်ခုအဖြစ် ဆီထွက်သီးနှံနှင့် ပဲမျိုးစုံ အထူးပြုကျောင်းသား (၆၄) ဦး မွေးထုတ်သွားပါမည်။

(၄) သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆီထွက်သီးနှံစီမံကိန်းနှင့်ပူးပေါင်း၍မြေပဲမျိုးများ ယှဉ်ပြိုင်စမ်းသပ်ခြင်းကို ပခုက္ကူ၊ မကွေးနှင့် နတ်မောက်မြို့နယ်တို့တွင်လည်းကောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့်ပူးပေါင်း၍ ရေအနည်းလို စပါးမျိုးများယှဉ်ပြိုင်စမ်းသပ်ခြင်းကို တောင်တွင်းကြီးမြို့နယ်တို့တွင် ဆောင်ရွက်သွားပါမည်။

(၅) ဆည်ရေသောက်စနစ် တည်ဆောက်ပြီးစီးမည့် ပဒဲဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးပါက လက်ရှိ ပဒဲဆည်ရေသောက် (၄၁၃၀) ဧကမှ (၆၄၀၀) ဧက တိုးမြှင့်ရေပေးဝေသွားပါမည်။

(၆) စိုက်ပျိုးစရိတ် ငွေကြေး ကျပ်သိန်းပေါင်း (၂၄၈၉၂၃) ထုတ်ချေးပေးသွားပါမည်။

(၇) ဆောင်ရွက်ဆဲ အထူးစီမံကိန်းဖြစ်သည့် ကြီးရွာလျှပ်စစ်ရေတင် စီမံကိန်းနှင့် နန်းပို့လျှပ်စစ်ရေတင်စီမံကိန်း၊ ဆောင်ရွက်ဆဲရေတင်လုပ်ငန်းဖြစ်သည့် ဆိပ်ဖြူအောက်ဆိပ် လျှပ်စစ်ရေတင်လုပ်ငန်းများတွင် မော်တာနှင့်ပိုက်လိုင်းများတပ်ဆင်ခြင်း။

(၈) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးရေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများအားအကျိုးဆောင်တောင်သူများနှင့်ကုမ္ပဏီများ ဆက်စပ်ပူးပေါင်းဆောင်ရွက်သွားပါမည်။

၇။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် သားငါးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ ငါးနှစ်စီမံကိန်း ဦးတည်ချက်များအရ သတ်မှတ်ထားသည့် စီမံကိန်း ပထမနှစ် (၂၀၁၁-၂၀၁၂) ခုနှစ် လျာထားချက်များကို ပြည့်မီအောင် ဆောင်ရွက်ရေးဖြစ်သည်။

(ခ) ရည်မှန်းချက်မှာ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ငါးပုစွန်ထုတ်လုပ်မှုကို အခြေခံနှစ်၏ (၁. ၅) ရာခိုင်နှုန်း တိုးတက်ရရှိစေရမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သားငါးကဏ္ဍ တိုးတက်စေရေးအတွက် မျိုးကောင်းမျိုးသန့် တိရစ္ဆာန်များ မွေးမြူနိုင်ရေး အတွက် ပြည်တွင်းပြည်ပ အရင်းအနှီးနှင့် နည်းပညာများရယူဆောင်ရွက်ခြင်းနှင့် မွေးမြူရေး ဈေးကွေ ရရှိနိုင်ရေးအတွက် ကူညီဆောင်ရွက်သွားပါမည်၊

(၂) နိုင်ငံတကာစံနှုန်းနှင့် ကိုက်ညီသည့် တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်း ထုတ်လုပ်နိုင်ရေး အတွက် တိရစ္ဆာန်ကူးစက်ရောဂါများကို ကာကွယ်ထိန်းချုပ်နိုင်ရန် နိုင်ငံတကာအဖွဲ့အစည်း များနှင့် ပူးပေါင်းဆောင်ရွက်သွားပါမည်၊

(၃) အရည်အသွေးကောင်းမျိုးအောင်ပျားဘုရင်မများ မွေးမြူထုတ်လုပ်ဖြန့်ဖြူးရေးဌာန၊ ပုဂ္ဂလိက ပျားစခန်းများ တိုးပွားရေးနှင့်ပျားအုံများကို စစ်ဆေးကြပ်မတ်ရေး ဆောင်ရွက်သွားပါမည်၊

(၄) ပျားရည်နှင့် ပျားထွက်ပစ္စည်းများ တိုးတက်ထုတ်လုပ်ရေးနှင့် ပြည်ပသို့ ပျားရည်တင်ပို့မှု တိုးတက်တင်ပို့နိုင်ရေး ဆောင်ရွက်သွားပါမည်၊

(၅) အင်းများတွင် ငါးမျိုးများချန်လှပ်၍ ဖမ်းဆီးရေးကို အခြေခံသော မွေးမြူရေးစနစ်ဖြင့် ငါးမွေးမြူသွားမည်ဖြစ်ပြီး ငါးထုတ်လုပ်မှုတိုးစေရေးအတွက် စပါးခင်းများနှင့် မြစ်ချောင်း ရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်မှု လုပ်ငန်းအား တိုးချဲ့ဆောင်ရွက်မည်၊

(၆) ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တစ်ပိုင်တစ်နိုင်ဟင်းစားမှ စီးပွားဖြစ်မွေးမြူရေး အစုအဖွဲ့များအဖြစ်သို့ တိုးချဲ့ဖွဲ့စည်းခြင်း၊ ပေါင်းစည်း လယ်ယာများကို တိုးတက်ဆောင်ရွက် ခြင်းဖြင့် ကျေးလက်နေပြည်သူများအတွက် မိသားစုအပိုဝင်ငွေရရှိစေရေး ဆောင်ရွက် သွားပါမည်။

၈။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် သစ်တောကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေ၊ မြေ သဘာဝ ပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး၊ သဘာဝ တောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ရာသီ ဥတုမျှတစေပြီး စိုက်ပျိုးရေးကို အထောက်အကူပြုစေရေး၊ ကျေးလက်နေ ပြည်သူတို့၏ အခြေခံ သစ်တောထွက်ပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောများ အုပ်ချုပ်လုပ်ကိုင်မှုတို့တွင် ပြည်သူအများ ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရေး၊

(၂) သစ်နှင့်အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေး၊

(၃) သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲရာတွင် အလေအလွင့်နည်းပါးပြီး သစ်အခြေခံ စက်မှုလုပ်ငန်းများတိုးတက်ဖြစ်ထွန်းပေါ်ပေါက်လာစေရေး၊

(၄) သစ်တောကဏ္ဍ စွမ်းဆောင်ရည်တိုးတက်မြင့်မားရေးကြိုးပမ်းဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်းဖြင့် တစ်ဖက်မှလည်း ရေရှည် ဖွံ့ဖြိုးတိုးတက်မှုများရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သဘာဝတောများ ထိန်းသိမ်းကာကွယ်သွားမည်ဖြစ်ပါသည်။

(၂) ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ၊ သဘာဝနယ်မြေများတိုးချဲ့ဖွဲ့စည်းသတ်မှတ်သွားမည် ဖြစ်သည်။

(၃) အပူပိုင်းဒေသအတွင်းရှိ သဘာဝတောကျန်များကို ပြုစုထိန်းသိမ်းသွားမည်ဖြစ်သည်။

(၄) သဘာဝတောမှ သစ်ထုတ်လုပ်မှုအား ဖြည့်စွက်ပေးနိုင်ရေးအတွက် စီးပွားရေးစိုက်ခင်းများ တည်ထောင်သွားမည်ဖြစ်သည်။

(၅) ကျေးလက်ပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်း လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရေးအတွက် သစ်တောစိုက်ခင်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်သွားမည်ဖြစ်သည်။

(၆) နှစ်စဉ် လူထုလှုပ်ရှားမှုဖြင့် သစ်ပင်များစိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များဖြန့်ဝေပေးမည်ဖြစ်သည်။

(၇) သစ်တောထိန်းသိမ်းမှုလုပ်ငန်းများတွင် ပြည်သူအများ ပူးပေါင်းပါဝင်လာစေရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

(၈) ကျွန်းနှင့်သစ်မာများကို နှစ်စဉ် တောထွက် (Annual Allowable Cut - AAC) အပေါ် အခြေခံ၍ စိစစ်ထုတ်လုပ်သွားမည် ဖြစ်သည်။

(၉) သစ်မဟုတ်သည့် အခြား သစ်တောထွက်ပစ္စည်းများကို စီမံကိန်းလျာထားချက်ဘောင်အတွင်းမှ ထုတ်ယူသုံးစွဲစေမည်ဖြစ်သည်။

(၁၀) နိုင်ငံပိုင်နှင့်ပုဂ္ဂလိကပိုင်အခန်းတွင် သစ်အခြေခံစက်မှုလုပ်ငန်း ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာစေရန်ဖြစ်သည်။

(၁၁) သစ်အခြေခံစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာရေးအတွက် လိုအပ်သော သစ်လုံးကုန်ကြမ်းရရှိရေး စီမံဆောင်ရွက်သွားမည်ဖြစ်သည်။

(၁၂) သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုံမှန်လုပ်ငန်းခွင်သင်တန်းများအပြင် ဘာသာရပ်ဆိုင်ရာသင်တန်းများကို လိုအပ်ချက်များနှင့်အညီ ဖွင့်လှစ်ပို့ချသွားရန်၊ ပြည်တွင်း/ပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများသို့ ဝန်ထမ်းများအား စေလွှတ်သွားမည်ဖြစ်သည်။

၉။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် စွမ်းအင်ကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စွမ်းအင်အရင်းအမြစ်များဖြစ်သည့် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ကို ပြည်တွင်းသုံးစွဲမှုဖူလုံရေး၊ ပြည်ပသို့ တိုးတက်တင်ပို့နိုင်မှုတို့အတွက် တိုးချဲ့ရှာဖွေထုတ်လုပ်နိုင်ရေးကြိုးပမ်းဆောင်ရွက်ရေး၊

(၂) စွမ်းအင်ဆိုင်ရာကိစ္စရပ်များကို နိုင်ငံတကာနှင့်ဒေသတွင်း အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊

(ခ) ရည်မှန်းချက်မှာ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကို ၂၀၁၀-၂၀၁၁ ခုနှစ်ထက် ၂၀.၁ ရာခိုင်နှုန်းတိုးတက် ထုတ်လုပ်ရန်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးချဲ့ရှာဖွေထုတ်လုပ်ရေးကို နိုင်ငံပိုင်အခန်းကသာမကပြည်တွင်းပြည်ပပုဂ္ဂလိကလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်မည်။

(၂) ရေနံတွင်းသစ်များ တိုးချဲ့ရှာဖွေသည့်နည်းတူ ရေနံတွင်းဟောင်းများကို ထုတ်လုပ်မှုလျော့နည်းခြင်းအနည်းဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်မည်။

(၃) ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်မည်။

၁၀။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းများကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဓာတ်သတ္တုများအား ခေတ်မီနည်းပညာများဖြင့် အဆင့်မြှင့်တင်၍ လေလွင့်ဆုံးရှုံးမှု အနည်းဆုံးနှင့် အရည်အသွေးပြည့်မီစွာထုတ်လုပ်နိုင်ရေးသို့ ရှေးရှုဆောင်ရွက်ရေး၊

(၂) ပုဂ္ဂလိကပိုင်ကဏ္ဍမြင့်မားရေးနှင့်တိုင်းရင်းသားလုပ်ငန်းရှင် ဓာတ်သတ္တုထုတ်လုပ်သူများ ထွန်းကားတိုးပွားလာရေး အားပေးဆောင်ရွက်ရေး၊

(၃) ဓာတ်သတ္တုသယံဇာတပစ္စည်းများသုံးစွဲရာတွင် ပြည်ပမှတင်သွင်းရသည့်ဓာတ်သတ္တုများကို ပြည်တွင်း၌ ပိုမိုထုတ်လုပ်အစားထိုးရေး၊

(၄) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် မြန်မာ့ရေမြေသဘာဝနှင့် ပတ်ဝန်းကျင်ထိခိုက်ယိုယွင်း ပျက်စီးမှုမရှိစေရေး အလေးထားဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နှစ်စဉ် စီမံကိန်းရည်မှန်းချက်များအောင်မြင်ရေးအတွက် မြေပေါ်မြေအောက်သယံဇာတများ တိုးတက်ရှာဖွေထုတ်လုပ်ပြီး အမျိုးသားဝင်ငွေတိုးတက်စေရေး အထောက်အကူပြု ဆောင်ရွက်ရမည်။

(၂) ပုဂ္ဂလိကပိုင် ဓာတ်သတ္တုမျိုးစုံထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးစေရန် ဓာတ်သတ္တုထုတ်လုပ်ရာတွင် ခေတ်မီနည်းစနစ်များ အသုံးပြုနိုင်ရေးအတွက် လိုအပ်သော အဆင့်မြင့် နည်းပညာများ ပံ့ပိုးခြင်းနှင့် လုပ်ငန်းသုံး ခေတ်မီပစ္စည်းများ ပံ့ပိုးကူညီခြင်း စသည့် လုပ်ငန်းများကို တိုးမြှင့် ဆောင်ရွက်ရမည်။

(၃) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းမှုမရှိစေရန် ဟန်ချက်ညီ အလေးထားဆောင်ရွက်ရမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မြေပေါ်မြေအောက်သယံဇာတများကို ပိုမိုတိုးတက်ထုတ်လုပ်ပြီး အမျိုးသားဝင်ငွေ တိုးတက် စေရန် စီမံဆောင်ရွက်မည်။

(၂) ခွင့်ပြုမိန့်ချမှတ်ပေးထားသော ပုဂ္ဂလိကလုပ်ငန်းရှင်များက နိုင်ငံတော်သို့ပေးသွင်းရမည့် အခွန်အခများအားလုံး အပြည့်အဝရရှိရေး တွန်းအားပေး ဆောင်ရွက်မည်။

၁၁။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် စက်မှုလက်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတော်၏ စက်မှုကဏ္ဍတွင် Green Industry များ ပိုမိုတိုးတက်လာရေး ဆောင်ရွက်ရန်နှင့် Energy Efficiency အကျိုးရှိ ထိရောက်စွာ သုံးစွဲသွားရေး တွန်းအားပေးဆောင်ရွက်သွားရေး၊

(၂) လယ်ယာစိုက်ပျိုးရေးကို အခြေခံသောစက်မှုနိုင်ငံအဖြစ် ကူးပြောင်းရေးကို ဆက်လက်ကြိုးပမ်း ဆောင်ရွက်ရေး၊

(၃) စက်မှုလက်မှုကုန်စည်များကို ပြည်တွင်းတွင် ပိုမိုသုံးစွဲလာရေးနှင့် ပြည်ပသို့ ကျယ်ကျယ်ပြန့်ပြန့် တင်ပို့နိုင်ရေးအတွက် အရည်အသွေးမြင့်မားသည့် ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရေး၊

(၄) စက်မှုလက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ၊ အတတ်ပညာ၊ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပူးပေါင်းဆောင်ရွက်ရန်၊

(၅) ပြည်သူလူထု၏ စီးပွားရေးနှင့်လူမှုရေးဘ၀ တိုးတက်မြင့်မားရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ပိုမိုမြင့်တင်ရမည်။

(၂) စက်မှုလုပ်ငန်းနယ်ပယ်တွင် ပါဝင်သည့် Heavy Machinery and Equipment Industry, Off-Road Heavy Duty Vehicle Industry နှင့် Heavy Duty Engine Industry များအတွက် လိုအပ်သော စက်ရုံအဆောက်အဦများ တည်ဆောက်ရမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတော်စက်မှုကဏ္ဍနှင့် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အလို့ငှာ နိုင်ငံပိုင်စက်မှုလုပ်ငန်းများကို ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းခြင်းနည်းလမ်း၊ ပုဂ္ဂလိကကဏ္ဍသို့ စနစ်တကျလွှဲပြောင်းပေးခြင်း နည်းလမ်းများကို ကျင့်သုံး၍ နိုင်ငံပိုင်ကဏ္ဍကို ဖြည်းဖြည်းခြင်း လျှော့ချသွားပြီး ဈေးကွက်လိုအပ်သည့် ထုတ်ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာ ထုတ်လုပ်သွားမည်။

(၂) လေလွင့်ဆုံးရှုံးမှုနည်းပါးရေးအတွက် စနစ်တကျစီမံခန့်ခွဲသွားမည်။

(၃) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စက်မှုနည်းပညာနှင့် စီမံခန့်ခွဲမှုအတတ်ပညာများ စီးဝင်လာစေရေးတိုးမြှင့်ဆောင်ရွက်မည်။

(၄) စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်နှင့်ပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များ အဆက်အစပ်မိမိဖြင့် အပြန်အလှန်ညှိနှိုင်းဆောင်ရွက်မည်။

(၅) လယ်ယာအထောက်အကူပြု စက်မှုလုပ်ငန်းများ တိုးချဲ့ထူထောင်မည်။

(၆) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသည့် စက်မှုလုပ်ငန်းများအဖြစ် ကြပ်မတ်စစ်ဆေးသွားမည်။

၁၂။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပဥ္စမကာလတိုငါးနှစ် စီမံကိန်းကာလအတွင်း တိုးတက်ထုတ်လုပ်လာနိုင်မည့် လျှပ်စစ်ဓာတ်အားကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ ဓာတ်အားဖြန့်ဖြူးနိုင်ရန် (၆၆) ကေဗွီဓာတ်အားလိုင်းများ၊ (၃၃) ကေဗွီဓာတ်အားလိုင်းများ၊ (၁၁) ကေဗွီဓာတ်အားလိုင်းများ၊ (၄၀၀) ဗို့ဓာတ်အားလိုင်းများ ဓာတ်အားဖြန့်ဖြူးပေးမည့် ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ရေး။

(၂) ပင်မဓာတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင် (Renewable Energy) သုံး ဓာတ်အားပေးစက်များ တပ်ဆင်သုံးစွဲလာစေရေး နည်းပညာနှင့် မူဝါဒပိုင်းဆိုင်ရာအကူအညီများ ပံ့ပိုးပေးရေး။

(၃) ဓာတ်အားစနစ် နှင့်နီးသော ကျေးလက်ဒေသများတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အကူအညီများပံ့ပိုးပေးရေး။

(၄) ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား မရောက်ရှိသေးသော အရပ်ဒေသများတွင် ဒီဇယ်ဓာတ်အားပေးစက်များ၏ကြံ့ခိုင်မှုကို ထိန်းသိမ်း၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်သွားရေး။

(၅) ဓာတ်အားစနစ်မှ လက်ခံရရှိသော လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပို့လွှတ်ဖြန့်ဖြူးသုံးစွဲနေသော လျှပ်စစ်ဓာတ်အား၏ အရည်အသွေးကို စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ထားသော Voltage Level နှင့် ကြိမ်နှုန်းပြည့် တည်ငြိမ်စွာရှိစေပြီး ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အားပျောက်ဆုံးမှုအနည်းဆုံးဖြင့် ဖြန့်ဖြူးပေးရေး။

(၆) ရေအားလျှပ်စစ်ဓာတ်ဖြန့်ဖြူးရေးလုပ်ငန်းမှ ချမှတ်ပေးထားသော စီမံကိန်းလျာထားချက်များကို ပြည့်မီအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး။

(ခ) ရည်မှန်းချက်မှာ ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းကာလအတွင်း အကောင်အထည်ဖော်နိုင်ရေးအတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားရောင်းရငွေများ အပြည့်အဝရရှိရေးနှင့် ဓာတ်အားပျောက်ဆုံးမှုလျော့နည်းစေရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ၁၁ ကေဗွီ ဓာတ်အားလိုင်း (၁. ၄၄) မိုင်၊ (၄၀၀) ဗို့ ဓာတ်အားလိုင်း (၄. ၆၅) မိုင် စုစုပေါင်း၏ ဓာတ်အားလိုင်း (၆. ၁) မိုင် တည်ဆောက်သွားမည်ဖြစ်သည်။

(၂) (၁၁/၀. ၄) ကေဗွီ ပင်မဓာတ်အားခွဲရုံ (၆) ရုံ တည်ဆောက်သွားမည်ဖြစ်သည်။

၁၃။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဆက်သွယ်သွားလာမှု လုံခြုံချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် လမ်းနှင့်တံတားများ စီမံကိန်းချမှတ်တည်ဆောက်ခြင်း၊

(၂) တည်ဆောက်ပြီး လမ်းနှင့်တံတားများ ပြုပြင်ထိန်းသိမ်းမွမ်းမံခြင်း၊ နိုင်ငံပိုင်အဆောက်အဦများကို တည်ဆောက်မွမ်းမံဆောင်ရွက်ရေး၊

(၃) စည်ပင်သာယာရေးအဖွဲ့များမှ ပြည်သူ့အကျိုးပြုလုပ်ငန်းများဖြစ်သည့် မြို့ပြ၊ ကျေးလက်၊ လမ်းတံတား တည်ဆောက်ရေးလုပ်ငန်းများ၊ ရေပေးဝေရေးလုပ်ငန်းများနှင့် အခြားတည်ဆောက်ရေးလုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန် ကြီးကြပ်ဆောင်ရွက်ရေး၊

(၄) ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နေရေးအတွက် ဘေးကင်းလုံခြုံစိတ်ချရသော အိမ်ရာများနှင့်မြို့ပြများ စနစ်တကျ ဖွံ့ဖြိုးလာရေးအတွက် အဓိကထားဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတော်၏ ပြောင်းလဲနေသော စနစ်နှင့်အညီ ကျယ်ပြန့်လာမည့် နိုင်ငံတကာဆက်ဆံရေးအခြေခံဖြစ်သည့် နိုင်ငံတကာ ဆက်သွယ်မှုလမ်းကြောင်းများ အိမ်နီးနားချင်းနိုင်ငံများနှင့် အညီဖြစ်စေရန် ဆောင်ရွက်သွားမည်။

(၂) ပြည်နယ်နှင့်တိုင်းဒေသကြီးများကို ဆက်သွယ်ထားလျက် အဓိကကုန်သွယ်မှုလမ်းကြောင်းများဖြစ်သည့် ပြည်ထောင်စုလမ်းမပေါ်ရှိ လမ်းတံတားများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်မည်။

(၃) တိုင်းဒေသကြီးအတွင်း မြို့ပြနှင့်ကျေးလက်ဒေသများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေး၊ အိမ်ရာကဏ္ဍစနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နေထိုင်မှုအဆင့်အတန်းမြင့်မားလာစေရေးဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မကွေးတိုင်းဒေသကြီးအတွင်း (က) အဆင့်လမ်းများကို ၁၂ ပေနှင့် နှစ်လမ်းသွား ကတ္တရာလမ်းအဆင့် ဆောင်ရွက်သွားရန်နှင့် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်။

(၂) မကွေးတိုင်းဒေသကြီးအတွင်း (ခ) အဆင့်လမ်းများကို လက်ရှိကတ္တရာလမ်းများအား ကျန်အပိုင်းများကို အမာခံလမ်းအဆင့် ဆောင်ရွက်သွားရန်နှင့် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်။

(၃) မကွေးတိုင်းဒေသကြီးအတွင်း (ဂ) အဆင့်လမ်းများ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်။

(၄) နိုင်ငံတကာ ဆက်သွယ်မှုလမ်းများ (ASEAN High way) လမ်းများကဏ္ဍတွင် ၁၂ ပေ အကျယ် ပြည်ထောင်စုလမ်းမကြီးများအား ၂၄ ပေ အကျယ် ကတ္တရာ ကွန်ကရစ်လမ်း ဖြစ်စေရန်အတွက် ဆောင်ရွက်သွားမည်။

(၅) ယာယီတံတားများအား အမြဲတမ်းတံတားများအဖြစ် ဆောင်ရွက်သွားမည်။

၁၄။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အခြားစီးပွားရေးကဏ္ဍများ၏ တိုးချဲ့ထုတ်လုပ်မှုနှင့် လူမှုရေးလိုအပ်ချက်အပေါ် အခြေခံ၍ ပို့ဆောင်ရေးစွမ်းရည်ကို ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပို့ဆောင်ရေးယာဉ်များ အစားထိုးရန်၊ အင်အားတိုးချဲ့ရန်၊ အခြေခံအဆောက်အဦများကိုလည်း လိုက်လျောညီထွေ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အဆင့်မြှင့်ခြင်း၊ တိုးချဲ့ခြင်း၊ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရေး၊

(၂) ပို့ဆောင်ရေးကဏ္ဍတွင် ခေတ်နှင့်အညီ နည်းပညာတိုးတက်လျက်ရှိရာ လူ့စွမ်းအားအရင်း အမြစ် ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကို တိုးချဲ့ဆောင်ရွက်ရေး၊

(၃) ရထားပို့ဆောင်ရေးကွန်ရက် (National Railway Network) ဖြစ်ထွန်းလာစေရေး၊

(၄) ရထားပို့ဆောင်မှုစနစ်တွင် ပါဝင်သည့် အစိတ်အပိုင်းအားလုံးကို ပြန်လည်သုံးသပ်၍ အရည်အသွေးမြှင့်တင်လျက် ပို့ဆောင်ရေးစွမ်းရည်မြင့်တက်လာရေး ဆောင်ရွက်ရေး၊

(၅) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး (Road Safety) နှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်၍ စနစ်တကျ ကြီးကြပ်ကွပ်ကဲရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု ပမာဏအား နှစ်စဉ် GDP တိုးတက်မှုနှုန်းထက် ပိုမို ရရှိအောင် ဆောင်ရွက်မည်။

(၂) ရေကြောင်းသွားလာမှု တိုးတက်လာစေရေးအတွက် ရေလမ်းကောင်းမွန်ရေး၊ ရေတိုက်စား ကမ်းပြိုမှု ကာကွယ်ရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်မည်။

(၃) နှစ်စဉ်အသားတင်ဘဏ္ဍာငွေများ တိုးတက်ရှာဖွေရေး ဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေကြောင်းကဏ္ဍတွင် လျာထားချက်များအတိုင်း မှတ်ပုံတင်သင်္ဘောအရေအတွက် တိုးတက် လာရေးအတွက် လိုအပ်သော စစ်ဆေးမှုများ၊ မှတ်ပုံတင်မဲ့ရေယာဉ်များ၊ လိုင်စင်သက်တမ်းလွန် ရေယာဉ်များကို ဖော်ထုတ်စစ်ဆေးအရေးယူပြီး ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သက်ဆိုင်ရာ အခွန်အခ၊ ဒဏ်ကြေးများ အပြည့်အဝကောက်ခံပြီး နိုင်ငံဝင်ငွေတိုးတက်အောင် ဆောင်ရွက်ပါမည်။

(၂) ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းနှင့် မြို့ရွာများ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း စီမံကိန်းဝင် မြစ်ကူး တံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေလမ်းထိန်းသိမ်းပေးခြင်းလုပ်ငန်းများ၊ မြစ်ရေတင်စက်များ ရေရရှိရေးလုပ်ငန်း ရေလျှံမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေး

အတွက် မြစ်ကြောင်းဖြောင့်ခြင်းလုပ်ငန်းများ၊ သောင်တူးရေယာဉ်နှင့် အထောက်အကူပြု ရေယာဉ်သစ်များဖြည့်တင်းရေးနှင့် လက်ရှိသုံးစွဲနေသည့် ရေယာဉ်နှင့်ယန္တရားများ ကြံ့ခိုင်စေရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်။

(၃) မိုးလေဝသလုပ်ငန်းနှင့် ဇလဗေဒလုပ်ငန်းများအတွက် အချိန်ပိုင်းစခန်းများဆောက်လုပ်ခြင်း၊ မြေလျှင်တိုင်းထွာရေးအတွက် အခြေခံတိုင်းထွာရေးစခန်းများ ဆောက်လုပ်ခြင်း၊ အထူးတိုင်းထွာရေးစခန်းများ တိုးချဲ့ဖွင့်လှစ်ခြင်းကို နှစ်အလိုက် ဆောင်ရွက်သွားမည်။

(၄) ရထားလမ်းဟောင်းများအား ဇလီဖား၊ ကျောက်ဖြည့်တင်း၍ အဆင့်မြှင့်တင်ခြင်း၊ သံလမ်းဆက်စပ်ပစ္စည်းများနှင့် ကွန်ကရစ်ဇလီဖားများ၊ ကွန်ကရစ် တံတားဟောင်းများ၊ သံမဏိတံတားဟောင်းများ ထုတ်လုပ်ခြင်း၊ တိုးချဲ့လာသော ရထားလမ်းပိုင်းများတွင် အဆောက်အဦနှင့် အခြားလိုအပ်ချက်များ ဖြည့်တင်းဆောင်ရွက်မည်။

(၅) ပွင့်ဖြူ - ဆင်ဖြူကျွန်း ရထားလမ်းပိုင်း (၂၃) မိုင်၊ ရွာတော် - နတ်မောက် ရထားလမ်းပိုင်း (၃၅. ၄၂) မိုင်တို့ကို ပြီးစီးအောင် ဖောက်လုပ်ဖွင့်လှစ်မည်။

(၆) ယာဉ်များ စနစ်တကျစစ်ဆေးနိုင်ရန် ခေတ်မီစက်ကိရိယာများ ထပ်မံဖြည့်တင်းမည်။

၁၅။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) တိုင်းဒေသကြီးအတွင်း ပြောင်းလဲလာသော စီးပွားရေးဆိုင်ရာမူဝါဒများနှင့်အညီ ဆက်သွယ်ရေးကဏ္ဍတွင်လည်း ပြုပြင်ပြောင်းလဲမှုများ စတင်ဆောင်ရွက်ရေး၊

(၂) လက်ရှိကျင့်သုံးနေသော စာတိုက်/ကြေးနန်းဆိုင်ရာ ဥပဒေများအား ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ရေးဆွဲရေး၊

(၃) ဆက်သွယ်ရေးကဏ္ဍတည်ဆောက်ရေးနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ပုဂ္ဂလိက ပါဝင်ရင်းနှီးမြှုပ်နှံမှုကို စတင်ခွင့်ပြုသွားရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ဆက်သွယ်ရေးကဏ္ဍ၏ စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုးကို အခြေခံနှစ် ၁. ၅၇ အဆ တိုးတက်ဖြစ်ပေါ်ရန်နှင့် တိုးတက်မှုနှုန်းအနေဖြင့် ၅၇. ၂ ရာခိုင်နှုန်း ဖြစ်ပေါ်စေရန် ဆောင်ရွက်ပါမည်။

(၂) မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်း တိုးချဲ့တပ်ဆင်သွားပြီး တယ်လီဖုန်းလုံးရေ (၆၇၄၀၂) နှင့် တယ်လီဖုန်းသိပ်သည်းဆ ၁. ၂၅ ရာခိုင်နှုန်းအထိ တိုးတက်စေရန်လည်းကောင်း၊ Internet User ကို (၃၀၀၀) အထိ တိုးတက်စေရန် ဆောင်ရွက်ပါမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) လက်ရှိကျင့်သုံးနေသော စာပို့တိုက်အက်ဥပဒေကို ခေတ်စနစ်နှင့်လျော်ညီအောင် ပြင်ဆင်ရေးဆွဲပါမည်။

(၂) လက်ရှိကျင့်သုံးနေသော မြန်မာနိုင်ငံကြေးနန်းအက်ဥပဒေနှင့် မြန်မာနိုင်ငံကြိုးမဲ့ကြေးနန်းအက်ဥပဒေတို့ကို ခေတ်စနစ်နှင့်လျော်ညီအောင် ဆက်သွယ်ရေးဥပဒေ (Communication Law) အဖြစ် ပြင်ဆင်ရေးဆွဲမည်။

(၃) တယ်လီဖုန်းကဏ္ဍတွင် အော်တိုတယ်လီဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်း စုစုပေါင်းလုံးရေ (၁၅၈၅၇) လုံး တပ်ဆင်ပေးရန် လျာထားပါသည်။

(၄) မိုဘိုင်းတယ်လီဖုန်းတိုးချဲ့ခြင်း စီမံကိန်းပထမနှစ်လိုင်း (၄) သန်း တိုးချဲ့ခြင်းတွင် ပူးပေါင်းဆောင်ရွက်ခြင်း ပထမအဆင့်တွင် မကွေးတိုင်းဒေသကြီးအတွင်း GSM-BST စခန်း (၅၇)ခု တည်ဆောက်လျက် တယ်လီဖုန်း (၁၀၀၂၀၀) လုံး တပ်ဆင်သွားမည်ဖြစ်သည်။

(၅) ရန်ကုန်-ပြည်-မကွေး-သစ်ရာကောက်-တောင်တွင်းကြီး-နတ်မောက်-ပျော်ဘွယ်-နေပြည်တော် မြို့ချင်းဆက် ဖိုင်ဘာဆက်ကြောင်း၊ တောင်တွင်းကြီး-ညောင်ဦး-မြင်းခြံ-တံတားဦး-မန္တလေး-DWDM ဖိုင်ဘာဆက်ကြောင်းများ တည်ဆောက်ပါမည်။

(၆) ရန်ကုန်-ပြည်-မကွေး-နေပြည်တော်၊ မကွေး-ရေနံချောင်း-ပုပ္ပါး-မြင်းခြံ-မန္တလေး၊ GbE မိုက္ကရိုဝေ့ဖ်ဆက်ကြောင်းများ တည်ဆောက်ပါမည်။

(၇) IP Transit Gateway များ တိုင်းဒေသကြီး မြို့တော် မကွေးမြို့တွင် တပ်ဆင်ရေးကိစ္စနှင့် မြို့ကြီးများနှင့် နယ်မြို့များရှိ ခေတ်ဟောင်းအိတ်ချိန်းများအား အစားထိုးလဲလှယ်ခြင်းများ ဆောင်ရွက်ပါမည်။

(၈) သတင်းအချက်အလက်နှင့် နည်းပညာဌာနမှ Internet သုံးစွဲမှုများတွင် Cyber Security မြှင့်တင်ရေးကိစ္စဆောင်ရွက်ပါမည်။

(၉) E-Government စနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ပါမည်။

(၁၀) အပြည်ပြည်ဆိုင်ရာတယ်လီဖုန်းချန်နယ်များ စိစစ်ငှားရမ်းခြင်း International Calling Card စနစ်များ မိတ်ဆက်ခြင်း၊ အပြည်ပြည်ဆိုင်ရာခေါ်ဆိုမှုများအား ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်မည်။

၁၆။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ခေတ်မီဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရေးဖြစ်သည်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတော် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ငွေရေးကြေးရေးကဏ္ဍကို ပြုပြင်ပြောင်းလဲ ဆောင်ရွက်ရာတွင် တိုးတက်ပြောင်းလဲလာသော ငွေရေးကြေးရေးကဏ္ဍအား စည်းစနစ်တကျ ကြီးကြပ်ကွပ်ကဲမှုပြုနိုင်ရေးအတွက် ရေးဆွဲထားသော ဥပဒေများ၊ နည်းဥပဒေများအား ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ထပ်မံရေးဆွဲခြင်း၊ အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်ခြင်းများအား နိုင်ငံတကာ အဆင့်အတန်းနှင့်အညီ ဖြစ်စေရေး ဆောင်ရွက်မည်။

(၂) နိုင်ငံတကာရှိဘဏ်လုပ်ငန်းများနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အီလက်ထရောနစ်ဘဏ်လုပ်ငန်း အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်မည်။

(၂) အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်မည်။

(၃) ငွေကြေးစီးဆင်းမှု၊ လွယ်ကူချောမွေ့အဆင်ပြေစေရေး ကြိုးပမ်းဆောင်ရွက်မည်။

(၄) ဖွဲ့စည်းပုံ ဝန်ထမ်းအင်အား၊ အဆောက်အဦ၊ ပရိဘောဂ၊ စက်ပစ္စည်း လိုအပ်ချက်များကို လိုအပ်သလို ပြင်ဆင်၊ ဖြည့်စွက်၊ ဖြည့်ဆည်းဆောင်ရွက်မည်။

(၅) လုံခြုံရေးသတင်းကွန်ရက် တိုးချဲ့ဆောင်ရွက်မည်။

(၆) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အသေးစား ငွေရေးကြေးရေးဥပဒေ ထုတ်ပြန်ထားပြီးဖြစ်၍ အဆိုပါဥပဒေနှင့်စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများ ညွှန်ကြားချက်များထုတ်ပြန်နိုင်ရေး ဆောင်ရွက်မည်။

(ဇ) အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ စနစ်တကျ ဖွဲ့စည်းပေါ်ပေါက်ရေးနှင့် ထိုအဖွဲ့အစည်းများအား စနစ်တကျကြီးကြပ်ကွပ်ကဲမည့် အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၊ တိုင်းဒေသကြီး အသေးစားငွေရေးကြေးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို စနစ်တကျဖွဲ့စည်းကာ ကြပ်မတ်ဆောင်ရွက်မည်။

၁၇။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကျောင်းနေအရွယ်လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေး၊

(ခ) နိုင်ငံတော်၏ပညာရေးအဆင့်အတန်း မြင့်မားလာစေရေး၊

(ဂ) ကျန်းမာရေးစနစ်အားဖြည့်ဆောင်ရွက်ခြင်းကို အထူးအလေးပေးဆောင်ရွက်ရေး၊

(ဃ) ကျန်းမာခြင်းအပေါ် အကျိုးသက်ရောက်မှုရှိသော လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်တို့နှင့်ဆက်စပ်လျက်ရှိသော အခြေအနေများ တိုးတက်ကောင်းမွန်ဖြစ်ပေါ်စေရေး၊

(င) အလုပ်အကိုင်နှင့်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး၊

(စ) လုပ်အားနှင့်အညီ လုပ်ခအပြည့်အဝ မှန်ကန်စွာရရှိရေး၊

(ဆ) မိမိနိုင်ငံတော်၏အကျိုး၊ နိုင်ငံသားတို့၏အကျိုးကို ကာကွယ်စောင့်ရှောက်ရေး၊

(ဇ) အထက်ဖော်ပြပါ မူဝါဒများကို အကောင်အထည်ဖော်ရာတွင် ဝန်ကြီးဌာနများက မိမိတို့၏သက်ဆိုင်ရာ ဝန်ကြီးဌာန ရည်မှန်းချက်များနှင့် ဆီလျော်သည်များကို ဆောင်ရွက်သွားရမည်။

၁၈။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် ဝန်ဆောင်မှုကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒမှာ အပြန်အလှန်ကူးလူးဆက်သွယ်မှုများတိုးမြှင့်ရေး၊ ဒေသတွင်းရှိ အရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ပိုမိုပူးပေါင်းပါဝင်ရေးတို့ကို ခရီးသွားလုပ်ငန်းဖြင့် အထောက်အကူပြုစေရေးဖြစ်သည်။

၁၉။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးစီမံကိန်းတွင် ကုန်သွယ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒမှာ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ရေးဖြစ်သည်။

## အခန်း (၅)

## အထွေထွေ

၂၀။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းကို ၂၀၁၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည်။

၂၁။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ယင်းတို့နှင့်သက်ဆိုင်သည့် ကဏ္ဍစီမံကိန်းများနှင့် ဒေသန္တရ စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံမှ အစီအမံများ ချမှတ်ကျင့်သုံးဆောင်ရွက်ရန်ဖြစ်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဘုန်းမော်ရွှေ
ဝန်ကြီးချုပ်
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

နောက်ဆက်တွဲ (က)

**မကွေးတိုင်းဒေသကြီး၏**
**၂၀၁၁-၂၀၁၂ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**
**ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်**
(၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | ကဏ္ဍကြီး | ၂၀၁၀-၂၀၁၁ ခုနှစ် (မတ်လကုန်အထိ) | | ၂၀၁၁-၂၀၁၂ ခုနှစ် (ရည်မှန်းချက်) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုးရာခိုင်နှုန်း | တန်ဖိုး | ပါဝင်မှုအချိုးရာခိုင်နှုန်း | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | လယ်ယာ | ၁၉၄၆၁၉၀. ၄ | ၅၁. ၀ | ၂၀၂၁၆၀၄. ၆ | ၄၉. ၂ | ၃. ၉ |
| ၂ | စက်မှု | ၈၄၇၄၃၂. ၂ | ၂၂. ၂ | ၉၃၃၁၆၄. ၄ | ၂၂. ၇ | ၁၀. ၁ |
| ၃ | ဝန်ဆောင်မှု | ၁၀၂၅၆၄၁. ၉ | ၂၆. ၈ | ၁၁၅၅၅၆၉. ၇ | ၂၈. ၁ | ၁၂. ၇ |
| ၄ | **အသားတင် ထုတ်လုပ်မှုတန်ဖိုး** | **၃၈၁၉၂၆၄. ၅** | **၁၀၀. ၀** | **၄၁၁၀၃၃၈. ၇** | **၁၀၀. ၀** | **၇. ၆** |

နောက်ဆက်တွဲ (ခ)

**မကွေးတိုင်းဒေသကြီး၏**
**၂၀၁၁-၂၀၁၂ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**
**ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်**
(၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၀-၂၀၁၁ ခုနှစ် (မတ်လကုန်အထိ) | | ၂၀၁၁-၂၀၁၂ ခုနှစ် (ရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုးရာခိုင်နှုန်း | တန်ဖိုး | ပါဝင်မှုအချိုးရာခိုင်နှုန်း | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၂၇၉၃၆၂၂. ၆** | **၇၃. ၁** | **၂၉၅၄၇၆၉. ၀** | **၇၁. ၉** | **၅. ၈** |
| | ၁ | လယ်ယာ | ၁၇၁၉၅၅၄. ၇ | ၄၅. ၀ | ၁၇၇၀၉၇၀. ၀ | ၄၃. ၁ | ၃. ၀ |
| | ၂ | သားငါး | ၂၁၈၄၉၆. ၂ | ၅. ၇ | ၂၄၁၃၈၁. ၂ | ၅. ၉ | ၁၀. ၅ |
| | ၃ | သစ်တော | ၈၁၃၉. ၅ | ၀. ၂ | ၉၂၅၃. ၄ | ၀. ၂ | ၁၃. ၇ |
| | ၄ | စွမ်းအင် | ၁၅၂၉၇. ၇ | ၀. ၄ | ၁၅၈၆၁. ၈ | ၀. ၄ | ၃. ၇ |
| | ၅ | သတ္တုနှင့်တွင်းထွက် | ၃၁၀၂. ၁ | ၀. ၁ | ၃၅၀၆. ၃ | ၀. ၁ | ၁၃. ၀ |
| | ၆ | စက်မှုလက်မှု | ၆၆၁၉၁၁. ၀ | ၁၇. ၃ | ၇၂၈၇၆၄. ၀ | ၁၇. ၇ | ၁၀. ၁ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၉၁၅၃. ၄ | ၀. ၂ | ၁၀၃၈၃. ၉ | ၀. ၃ | ၁၃. ၄ |
| | ၈ | ဆောက်လုပ်မှု | ၁၅၇၉၆၈. ၀ | ၄. ၂ | ၁၇၄၆၄၈. ၄ | ၄. ၂ | ၁၀. ၆ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | **၂၈၁၁၉၆. ၁** | **၇. ၄** | **၃၅၃၈၀၁. ၆** | **၈. ၆** | **၂၅. ၈** |
| | ၁ | ပို့ဆောင်ရေး | ၁၆၂၇၅၃. ၀ | ၄. ၃ | ၂၀၉၈၅၆. ၂ | ၅. ၁ | ၂၈. ၉ |
| | ၂ | ဆက်သွယ်ရေး | ၁၄၁၁၉. ၇ | ၀. ၄ | ၂၂၅၉၀. ၄ | ၀. ၆ | ၆၀. ၀ |
| | ၃ | ငွေရေးကြေးရေး | ၁၄၁၂. ၄ | ၀. ၀၄ | ၁၅၉၂. ၂ | ၀. ၀၄ | ၁၂. ၇ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၄၉၀၈၈. ၇ | ၁. ၃ | ၅၇၉၇၀. ၄ | ၁. ၄ | ၁၈. ၁ |
| | ၅ | ငှားရမ်းခနှင့်အခြား ဝန်ဆောင်မှု | ၅၃၈၂၂. ၃ | ၁. ၄ | ၆၁၇၉၂. ၄ | ၁. ၅ | ၁၄. ၈ |
| ၃ | | **ကုန်သွယ်မှုတန်ဖိုး** | **၇၄၄၄၄၅. ၈** | **၁၉. ၅** | **၈၀၁၇၆၈. ၁** | **၁၉. ၅** | **၇. ၇** |
| ၄ | | **အသားတင် ထုတ်လုပ်မှုတန်ဖိုး** | **၃၈၁၉၂၆၄. ၅** | **၁၀၀. ၀** | **၄၁၁၀၃၃၈. ၇** | **၁၀၀. ၀** | **၇. ၆** |

နောက်ဆက်တွဲ (ဂ)

## နိုင်ငံပိုင်၊ သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင် ရင်းနှီးမြှုပ်နှံမှုလျာထားချက်

## မကွေးတိုင်းဒေသကြီး၊ ဗဟိုအဖွဲ့အစည်းများ၏
## ၂၀၁၁-၂၀၁၂ ခုနှစ်၊ နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှုအစီအစဉ်

(ကျပ်ထောင်ပေါင်း)

| စဉ် | | အကြောင်းအရာ | လျာထားချက် (BE) | ပြုပြင်ပြီးခန့်မှန်းခြေ (RE) |
|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ |
| | | **တိုင်းဒေသကြီးတရားလွှတ်တော်ချုပ်ရုံး** | | |
| ၁ | | **လုပ်ငန်းများ** | | |
| | ၁ | **လုပ်ငန်းသစ်များ** | | |
| | | မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်တရားရုံးအမှုတွဲခန်း | ၂၆၀၀၀ | ၂၆၀၀၀ |
| | | **တိုင်းဒေသကြီးတရားရှေ့နေချုပ်ရုံး** | | |
| ၁ | | **လုပ်ငန်းများ** | | |
| | ၁ | **လုပ်ငန်းသစ်များ** | | |
| | ၁ | မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်မြို့နယ်စာရင်းရုံး | | |
| | | သံကူကွန်ကရစ်နှစ်ထပ်အဆောက်အဦနှင့်ခြံစည်းရိုး | ၆၂၅၀၀ | ၆၂၅၀၀ |
| | ၂ | ချောက်မြို့နယ်စာရင်းရုံး၊ သံကူကွန်ကရစ်တစ်ထပ် | | |
| | | အဆောက်အဦ | ၃၀၀၀၀ | ၃၀၀၀၀ |
| | ၃ | ရေနံချောင်းမြို့နယ်စာရင်းရုံး၊ သံကူကွန်ကရစ်တစ်ထပ် | | |
| | | အဆောက်အဦ | ၃၀၀၀၀ | ၃၀၀၀၀ |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | **၁၄၈၅၀၀** | **၁၄၈၅၀၀** |
| | | | | |
| | | | | |
| | | | | |
| | | | | |

**မကွေးတိုင်းဒေသကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန၏**
**၂၀၁၁-၂၀၁၂ ခုနှစ်၊ နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှုအစီအစဉ်**

(ကျပ်ထောင်ပေါင်း)

| စဉ် | အကြောင်းအရာ | လျာထားချက် (BE) | ပြုပြင်ပြီးခန့်မှန်းခြေ (RE) |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၁ | **ဖြည့်စွက်လုပ်ငန်းများ** | | |
| | **ခရိုင်ချင်းဆက်လမ်းမွမ်းမံခြင်းလုပ်ငန်း** | | |
| ၁ | တောင်တွင်းကြီးရန်ပယ်ချောင်းရေကျော်မွမ်းမံခြင်း | | |
| | ဖာလုံတိုင်များစိုက်ထူခြင်းနှင့်တံတား ၆ စင်းမွမ်းမံခြင်း | ၁၇၉၈၀ | |
| ၂ | အောင်လံမြို့နယ်၊ တဇောက်ချောင်းတံတားမွမ်းမံခြင်း | ၂၇၀၂၀ | |
| | လက်ပံပင်ရိုးတံတားချဉ်းကပ်လမ်းကတ္တရာခင်းခြင်း | | |
| | သမ္မုလရေကျော်ကျောက်စီရေမြောင်းပြုလုပ်ခြင်း | | |
| | **လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း** | | |
| | ပခုက္ကူ ကျောင်းတွင်းကတ္တရာလမ်းခင်းခြင်း | ၈၇၉၅ | |
| | ပခုက္ကူလျှပ်စစ်မီးသွယ်တန်းခြင်း | ၃၃၂၆ | ၃၃၂၆ |
| ၂ | **လုပ်ငန်းသစ်များ** | | |
| | **အပူပိုင်းဇုန် စက်ရေတွင်းတူးခြင်း** | | |
| | ရေနံချောင်းစက်ရေတွင်း (၁) တွင်းတူးခြင်း | ၁၀၈၀၀ | |
| | ချောက်စက်ရေတွင်း (၁) တွင်းတူးခြင်း | ၁၃၅၀၀ | |
| | နတ်မောက်စက်ရေတွင်း (၃) တွင်းတူးခြင်း | ၄၃၇၈၀ | |
| | မြို့သစ်စက်ရေတွင်း (၁) တွင်းတူးခြင်း | ၁၁၈၀၀ | |
| | စလင်း စက်ရေတွင်း (၂) တွင်းတူးခြင်း | ၂၃၆၀၀ | |
| | **လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း** | | |
| | ပခုက္ကူ ရေချိုးခန်းနှင့်အိမ်သာဆောက်လုပ်ခြင်း | ၇၀၀၀ | ၇၀၀၀ |
| | ပခုက္ကူ တစ်ထပ်စာသင်ခန်းမဆောက်လုပ်ခြင်း | ၂၂၄၅၀ | ၂၂၄၅၀ |
| | **အိမ်တွင်းမှုသင်တန်းကျောင်း** | | |
| | ရေစကြို၊ အုပ်ချုပ်ရေးမှူးရုံးဆောက်လုပ်ခြင်း | ၂၄၁၀၀ | ၂၄၁၀၀ |
| | မြိုင်၊ အုပ်ချုပ်ရေးမှူးရုံးဆောက်လုပ်ခြင်း | ၂၄၁၀၀ | ၂၄၁၀၀ |
| | ပေါက်၊ အုပ်ချုပ်ရေးမှူးရုံးဆောက်လုပ်ခြင်း | ၂၄၁၀၀ | ၂၄၁၀၀ |
| | | | |
| | | ၂၆၂၃၅၁ | ၁၀၅၀၇၆ |
| | | | |
| | | | |
| | | | |
| | | | |

## မကွေးတိုင်းဒေသကြီး၊ ပြည်ထဲရေးရာဝန်ကြီးဌာန
## ၂၀၁၁-၂၀၁၂ ခုနှစ်၊ နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှုအစီအစဉ်

(ကျပ်ထောင်ပေါင်း)

| စဉ် | အကြောင်းအရာ | လျာထားချက် (BE) | ပြုပြင်ပြီးခန့်မှန်းခြေ (RE) |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| | **အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန** | | |
| | **လုပ်ငန်းများ** | | |
| ၁ | **ဖြည့်စွက်လုပ်ငန်းများ** | | |
| | **အဆောက်အဦမွမ်းမံခြင်း** | | |
| | ကံမမြို့နယ်ရုံး | ၆၀၀၀ | |
| | မြိုင်မြို့နယ်ရုံးအမိုးလဲလှယ်ခြင်း | ၁၂၀၀၀ | |
| | ဂန့်ဂေါမြို့နယ်ရုံးအစည်းအဝေးခန်းမ | ၉၀၀၀ | |
| | ပေါက်မြို့နယ်ရုံး | ၁၂၀၀၀ | |
| | မကွေးခရိုင်ရုံး | ၁၂၉၇၀ | |
| | **ဝန်ထမ်းအိမ်ရာ** | | |
| | တိုင်းဒေသကြီးရုံး (၆) ခန်းတွဲဝန်ထမ်း (၁) လုံး | ၅၈၁၄၉ | |
| | တိုင်းဒေသကြီးရုံး (၂) ခန်းတွဲဝန်ထမ်း (၃) လုံး | ၅၂၆၅၀ | |
| | တိုင်းဒေသကြီးအရန်တပ်ခွဲရုံး (၁) ထပ် (၁) လုံး | ၁၆၆၄၀ | ၁၆၆၄၀ |
| | တိုင်းဒေသကြီးအရန်တပ်ခွဲရုံး (၆)ခန်းတွဲ(၁)ထပ်(၂) လုံး | ၁၁၆၂၉၈ | ၁၁၆၂၉၈ |
| | တိုင်းဒေသကြီးအရန် (၃၀) ဆံ့ လူပျိုဆောင် (၁) လုံး | ၂၅၇၄၀ | ၂၅၇၄၀ |
| | ထီးလင်းမြို့နယ်မှူးရုံး (၁) ထပ် (၁) လုံး | ၁၆၆၄၀ | ၁၆၆၄၀ |
| | **လုပ်ငန်းသစ်များ** | | |
| | သရက်ခရိုင်ရုံးဆောက်လုပ်ခြင်း | ၁၀၂၉၆ | |
| | | | |
| | | ၃၄၈၃၈၃ | ၁၇၅၃၁၈ |

## မကွေးတိုင်းဒေသကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှုအစီအစဉ်

(ကျပ်ထောင်ပေါင်း)

| စဉ် | | အကြောင်းအရာ | လျာထားချက် (BE) | ပြုပြင်ပြီးခန့်မှန်းခြေ (RE) |
|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ |
| | | **လူမှုဝန်ထမ်းဦးစီးဌာန** | | |
| | | **လုပ်ငန်းများ** | | |
| | ၁ | **ဖြည့်စွက်လုပ်ငန်းများ** | | |
| | | မကွေးမူလတန်းကြိုကျောင်းမွမ်းမံခြင်းနှင့် | | |
| | | ကွန်ပျူတာခန်းဆောက်လုပ်ခြင်း | ၈၀၉၂ | ၈၀၉၂ |
| | | **မီးသတ်ဦးစီးဌာန** | | |
| | | **လုပ်ငန်းများ** | | |
| | ၁ | **ဖြည့်စွက်လုပ်ငန်းများ** | | |
| | | မကွေးတိုင်းတွင် ဝန်ထမ်းနေအိမ်နှင့်မိလ္လာလုပ်ငန်းများ | ၁၂၈၃၀၀ | ၇၀၇၀၀ |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | ၁၃၆၃၉၂ | ၇၈၇၉၂ |

## မကွေးတိုင်းဒေသကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန၏
## ၂၀၁၁-၂၀၁၂ ခုနှစ်၊ နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှုအစီအစဉ်

(ကျပ်ထောင်ပေါင်း)

| စဉ် | | အကြောင်းအရာ | လျာထားချက် (BE) | ပြုပြင်ပြီးခန့်မှန်းခြေ (RE) |
|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ |
| ၁ | | **ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန** | | |
| | ၁ | **လုပ်ငန်းများ (ရုံးများဆောက်လုပ်ခြင်း)** | | |
| | | **ဖြည့်စွက်လုပ်ငန်းများ** | | |
| | | သရက်ခရိုင်ရုံး | ၁၅၀၀ | |
| | | အောင်လံမြို့နယ်ရုံး | ၁၅၀၀ | |
| | | | ၃၀၀၀ | ၀ |

## မကွေးတိုင်းဒေသကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန၏
## ၂၀၁၁-၂၀၁၂ ခုနှစ်၊ နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှုအစီအစဉ်

(ကျပ်ထောင်ပေါင်း)

| စဉ် | အကြောင်းအရာ | လျာထားချက် (BE) | ပြုပြင်ပြီးခန့်မှန်းခြေ (RE) |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၁ | **ရှေးဟောင်းသုတေသနအမျိုးသားပြတိုက်နှင့်** | | |
| | **စာကြည့်တိုက်ဦးစီးဌာန** | | |
| ၁ | **လုပ်ငန်းများ** | | |
| | **ဆောင်ရွက်ဆဲလုပ်ငန်းများ** | | |
| | မကွေးဌာနခွဲအောက်ရှိထိန်းသိမ်းပြုပြင်မွမ်းမံခြင်း | ၄၀၀၀၀ | ၄၀၀၀၀ |
| | **လုပ်ငန်းများ** | | |
| | **ဖြည့်စွက်လုပ်ငန်းများ** | | |
| | စလေဌာနစုအောက်ရှိထိန်းသိမ်းမွမ်းမံခြင်း | | ၁၉၇၀၀ |
| | **လုပ်ငန်းသစ်များ** | | |
| | မကွေးဌာနခွဲရုံးတည်ဆောက်ခြင်း | ၇၅၀၀၀ | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | ၁၁၅၀၀၀ | ၅၉၇၀၀ |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |

## မကွေးတိုင်းဒေသကြီး၊ ပညာရေးဝန်ကြီးဌာန၏
## ၂၀၁၁-၂၀၁၂ ခုနှစ်၊ နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှုအစီအစဉ်

(ကျပ်ထောင်ပေါင်း)

| စဉ် | အကြောင်းအရာ | လျာထားချက် (BE) | ပြုပြင်ပြီးခန့်မှန်းခြေ (RE) |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၁ | **အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)** | | |
| ၁ | **လုပ်ငန်းများ** | | |
| | **ဆောင်ရွက်ဆဲလုပ်ငန်းများ** | | |
| | မကွေးတက္ကသိုလ်တည်ဆောက်ဆဲလုပ်ငန်း | ၄၈၆၀၀ | ၄၈၆၀၀ |
| | ပခုက္ကူတက္ကသိုလ်တည်ဆောက်ခြင်းလုပ်ငန်း | ၁၆၃၀၀ | ၁၆၃၀၀ |
| | ရေနံချောင်းဒီဂရီကောလိပ်တည်ဆောက်ခြင်းလုပ်ငန်း | ၃၁၁၀၀ | ၃၁၁၀၀ |
| | **ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန** | | |
| | **လုပ်ငန်းများ** | | |
| | **ဖြည့်စွက်လုပ်ငန်းများ** | | |
| | ပခုက္ကူပညာရေးကောလိပ်တည်ဆောက်ခြင်း | ၁၈၄၃၂ | ၁၈၄၃၂ |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | ၁၁၄၄၃၂ | ၁၁၄၄၃၂ |

## မကွေးတိုင်းဒေသကြီး၊ ကျန်းမာရေးဝန်ကြီးဌာန၏
## ၂၀၁၁-၂၀၁၂ ခုနှစ်၊ နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှုအစီအစဉ်

(ကျပ်ထောင်ပေါင်း)

| စဉ် | | အကြောင်းအရာ | လျာထားချက် (BE) | ပြုပြင်ပြီးခန့်မှန်းခြေ (RE) |
|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ |
| ၁ | | **ကျန်းမာရေးဦးစီးဌာန** | | |
| | ၁ | **လုပ်ငန်းများ** | | |
| | | **ဖြည့်စွက်လုပ်ငန်းများ** | | |
| | | ဂန့်ဂေါမြို့ခုတင် (၁၀၀) ဆေးရုံတိုးချဲ့ခြင်း | ၂၂၂၁၀၇ | ၂၂၂၁၀၇ |
| | | **ဆေးသိပ္ပံပညာဦးစီးဌာန** | | |
| | | လုပ်ငန်းများ | | |
| | | **ဆောင်ရွက်ဆဲလုပ်ငန်းများ** | | |
| | | ဆေးတက္ကသိုလ်မကွေးဆောက်လုပ်ခြင်း | ၃၀၃၈၁၈ | ၃၀၃၈၁၈ |
| | | **ဖြည့်စွက်လုပ်ငန်းများ** | | |
| | | အခြေခံကျန်းမာရေးတက္ကသိုလ်မွမ်းမံခြင်း | ၁၆၄၅၁၆ | ၁၆၄၅၁၆ |
| | | ဆေးတက္ကသိုလ်မွမ်းမံခြင်း | ၁၆၆၀၀၀ | ၁၆၆၀၀၀ |
| | | သူနာပြုသင်တန်းကျောင်း (ပခုက္ကူ) | ၅၀၀၀ | ၃၃၀၀၀ |
| | | **တိုင်းရင်းဆေးပညာဦးစီးဌာန** | | |
| | | **လုပ်ငန်းများ** | | |
| | | **ဖြည့်စွက်လုပ်ငန်းများ** | | |
| | | **မွမ်းမံခြင်းများ** | | |
| | | တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး (မကွေး) | ၁၆၁၅ | ၁၆၁၅ |
| | | တိုင်းရင်းဆေးကုဌာန (နတ်မောက်) | ၇၀၀ | ၇၀၀ |
| | | တိုင်းရင်းဆေးကုဌာန (မိကျောင်းရဲ) | ၇၁၂ | ၇၁၂ |
| | | တိုင်းရင်းဆေးကုဌာန (အောင်လံ) | ၂၇၀၀ | ၂၇၀၀ |
| | | တိုင်းရင်းဆေးကုဌာန (မြို့သစ်) | ၁၃၇၄ | ၁၃၇၄ |
| | | တိုင်းရင်းဆေးကုဌာန (ဆင်ပေါင်ဝဲ) | ၃၃၃ | ၇၁၃၃ |
| | | တိုင်းရင်းဆေးကုဌာန (ရေနံချောင်း) | ၄၆၆ | ၄၆၆ |
| | | ၁၆ ခုတင်ဆံ့တိုင်းရင်းဆေးရုံ (မကွေး) | ၂၀၀၀ | ၂၀၀၀ |
| | | | | |
| | | | | |
| | | | **၈၇၁၃၄၁** | **၉၀၆၁၄၁** |
| | | | | |

## မကွေးတိုင်းဒေသကြီး၊ အားကစားဝန်ကြီးဌာန၏
## ၂၀၁၁-၂၀၁၂ ခုနှစ်၊ နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှုအစီအစဉ်

(ကျပ်ထောင်ပေါင်း)

| စဉ် | | အကြောင်းအရာ | လျာထားချက် (BE) | ပြုပြင်ပြီးခန့်မှန်းခြေ (RE) |
|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ |
| ၁ | | **ကျန်းမာရေးဦးစီးဌာန** | | |
| | ၁ | **လုပ်ငန်းများ** | | |
| | | **ဖြည့်စွက်လုပ်ငန်းများ** | | |
| | | မကွေးခရိုင်ပွဲကြည့်စင်ပြန်လည်မွမ်းမံခြင်း | ၂၀၈၀၀ | ၂၀၈၀၀ |
| | | ဂန့်ဂေါခရိုင်လ/ထည္ဆွန်မှူးရုံးနှင့်နေအိမ် | ၁၆၁၂၀ | |
| | | တောင်တွင်းကြီးအား/ကာ ဦး/ရှိရုံးနှင့်နေအိမ်ဆောက် | ၁၃၀၆၅ | |
| | | တောင်တွင်းကြီးအားကစားကွင်းကာရံခြင်း | ၃၈၀၀ | |
| | | မင်းဘူးခရိုင်အမှုထမ်း (၃) ခန်းတွဲအိမ်ရာ | ၁၉၅၀၀ | |
| | | သရက်ခရိုင်အားကစားခန်းမတည်ဆောက်ခြင်း | ၁၃၀၀၀၀ | ၁၃၀၀၀၀ |
| | | ဆင်ပေါင်ဝဲအားကစားကွင်းမွမ်းမံခြင်း | ၅၇၅၀ | |
| | | ဆိပ်ဖြူအားကစားကွင်းကာရံခြင်း | ၃၈၀၀ | |
| | | ချောက်မြို့နယ်အားကစားကွင်းမွမ်းမံခြင်း | ၆၄၉၇ | ၆၄၉၇ |
| | | ရေနံချောင်းမြို့နယ်အားကစားကွင်းမွမ်းမံခြင်း | ၇၁၀၀ | ၇၁၀၀ |
| | | ပခုက္ကူခရိုင်အားကစားကွင်းအုတ်တံတိုင်းကာ | ၁၀၇၅၀ | ၁၀၇၅၀ |
| | | | ၂၃၇၁၈၂ | ၁၇၅၁၄၇ |

**မကွေးတိုင်းဒေသကြီး၊ အလုပ်သမားဝန်ကြီးဌာန၏**
**၂၀၁၁-၂၀၁၂ ခုနှစ်၊ နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှုအစီအစဉ်**

(ကျပ်ထောင်ပေါင်း)

| စဉ် | | အကြောင်းအရာ | လျာထားချက် (BE) | ပြုပြင်ပြီးခန့်မှန်းခြေ (RE) |
|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ |
| ၁ | | **အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေး** | | |
| | | **ဦးစီးဌာန** | | |
| | | **လူမှုဖူလုံရေးအဖွဲ့** | | |
| | ၁ | **လုပ်ငန်းများ** | | |
| | | **ဖြည့်စွက်လုပ်ငန်းများ** | | |
| | | ပခုက္ကူခရိုင်ရုံးမွမ်းမံခြင်းနှင့် အဝီစိတွင်း | ၆၀၄ | ၆၀၄ |
| | | မင်းဘူးရုံးခွဲတွင်သန့်စင်ခန်းဆောက်လုပ်ခြင်း | ၁၄၀၀ | ၁၄၀၀ |
| | | | | |
| | | | | |
